# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း မဟာဗျူဟာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း [1]

Posted on 26 March 2019

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် အာဆီယံ-ဂျပန် ဗဟိုဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း မဟာဗျူဟာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ အရာထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့်ဌာနများမှ ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စား

လှယ်များအနေဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ခြင်းများကို UN ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်နိုင်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရာတွင် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ၊ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၊ ရင်းနှီး မြှုပ်နှံမှု နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ပြဿနာများနှင့်စပ်လျဉ်း၍ အသိ ပညာဗဟုသုတများ အထောက်အပံ့ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အောင်မြင်စေနိုင်မည့် အဓိကအချက်များကို နားလည်နိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် အာဆီယံ-ဂျပန်ဗဟိုဌာနမှ Operational Director ဖြစ်သူ ဒေါက်တာ အောင်မိုးချယ်တို့မှ အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ပါသည်။

ထို့နောက် အိုင်ယာလန်နိုင်ငံမှ Investment Promotion Agency Development ၏ ဒါရိုက်တာဖြစ်သူ Mr. David O’Donovan မှ အလုပ်ရုံဆွေးနွေးပွဲ၏ Session 1 တွင် “Understanding FDI” ခေါင်းစဉ်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ သဘောသဘာဝ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အကျိုးကျေးဇူးများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းကို အထောက်အကူပြုနိုင်မည့် ကောင်းမွန်သည့်အလေ့အကျင့်များနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းကို ထိခိုက်စေသည့်အချက်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမဟာဗျူဟာ ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကိုလည်းကောင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ၏ Session 2 တွင် Mr.David O’Donovan မှ Market Outreach ခေါင်းစဉ်ဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်မည့်ဈေးကွက် အထောက်အကူပြုလုပ်ငန်းစဉ်များ၊ ကောင်းမွန်သော အလေ့အကျင့်များနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း ဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း မဟာဗျူဟာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းများ စုစုပေါင်း (၇၅) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် မတ်လ ၂၆ ရက်နေ့အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative